| ၈ | ကာကွယ်ရေး | ၎င်း | | | ၁,၃၅,၅၀,၀၀၀ | — | — | — | .... | .... | .... | |
| ၉ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | | | ၁,၄၄,၃၄,၅၀၀ | — | ၁,၈၃,၃၀၀ | ၁၉,၈၈,၀၀၀ | .... | .... | .... | |
| ၁၀ | လူမှုဝန်ထမ်း | ၎င်း | | | ၇,၃၆,၀၈၀ | — | — | ၁၄,၀၀,၀၀၀ | .... | .... | .... | |
| ၁၁ | ပြန်ကြားရေး | ၎င်း | | | ၃,၄၁,၁၀၀ | — | — | ၅,၈၈,၈၀,၀၀၀ | .... | .... | .... | |
| ၁၂ | ယဉ်ကျေးမှု | ၎င်း | | | ၇,၆၉,၈၀၀ | — | — | ၄၉,၀၀၀ | .... | .... | .... | |
| ၁၃ | ပညာရေး | ၎င်း | | | ၉,၀၈,၁၂,၆၇၀ | — | — | ၁,၃၅,၈၉,၀၀၀ | — | ၃,၄၅,၀၀၀ | .... | |
| ၁၄ | ကျန်းမာရေး | ၎င်း | | | ၅၂,၅၅,၂၀၀ | — | — | ၆,၁၃,၉၂,၀၀၀ | — | ၁,၇၇,၈၅,၀၀၀ | .... | |
| ၁၅ | အလုပ်သမား | ၎င်း | | | ၁၅,၄၆၀ | — | ၁၀၀ | — | — | — | .... | |
| ၁၆ | လယ်ယာနှင့် သစ်တော | ၎င်း | | | ၁၆,၄၄,၇၆,၀၀၀ | — | ၅,၀၀,၀၀၀ | ၈,၄၁,၆၆,၀၀၀ | .... | ၂၃.၂၈,၁၆,၀၀၀ | .... | |
| ၁၇ | သတ္တုတွင်း | ၎င်း | | | ၃,၈၉,၆၀၀ | — | — | ၃၉,၉၄,၀၀၀ | — | — | .... | |
| ၁၈ | အမှတ် (၁) စက်မှု | ၎င်း | | | ၆,၄၃,၂၉၀ | — | — | .... | — | .... | .... | |
| ၁၉ | အမှတ် (၂) စက်မှု | ၎င်း | | | ၇၀၀ | — | — | .... | — | — | .... | |
| ၂၀ | ဆောက်လုပ်ရေး | ၎င်း | | | ၁,၅၃,၄၂,၄၀၀ | ၂,၆၁,၅၀၀ | — | ၁,၈၈,၈၁,၀၀၀ | ၅,၀၀,၀၀၀ | ၃,၁၂,၀၀,၀၀၀ | .... | |
| ၂၁ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | | | ၁,၆၉,၁၈,၂၇၀ | — | .... | ၁,၂၂,၃၉,၀၀၀ | — | ၃၆,၄၈,၀၀၀ | .... | |
| ၂၂ | ကုန်သွယ်ရေး | ၎င်း | | | ၄,၂၉,၁၃၀ | — | — | ၂,၅၇,၀၀၀ | — | — | .... | |
| ၂၃ | သမဝါယမ | ၎င်း | | | ၄၅,၇၆,၄၀၀ | — | — | ၁,၂၃,၉၀,၀၀၀ | — | — | .... | |
| ၂၄ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | | | ၅,၇၃,၁၄,၀၃၀ | ၁၉,၇၀,၁၆,၀၀၀ | ၁၀,၀၀၀ | ၆၉,၂၉,၀၀၀ | ၁၂,၄၅,၁၆,၀၀၀ | ၃၆,၉၃,၈၇,၀၀၀ | ၈,၄၈,၉၂,၀၀၀ | |
| ၂၅ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | | | ၆,၀၅,၄၀၀ | — | — | — | — | — | .... | |
| | ပေါင်း ... | | ၄,၃၅,၂၄,၃၁,၄၆၀ | ၁,၅၀,၇၁,၉၁,၀၀၀ | ၃၀,၆၀,၁၉,၆၄၀ | ၁၉,၇၂,၇၇,၅၀၀ | ၁၁,၁၆,၅၀၀ | ၂၆,၈၁,၁၅,၀၀၀ | ၁၂,၅၀,၁၆,၀၀၀ | ၆၅,၅၀,၈၁,၀၀၀ | ၈,၄၈,၉၂,၀၀၀ | |

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ: ပုံမှန်သုံးငွေ | အထူးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြေးမြီ: ထုတ်ချေးငွေ | ကြေးမြီ: ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | သီးသန့် ရန်ပုံငွေ |
|---|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ဝန်ကြီးချုပ်ရုံး | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၉,၄၁,၁၀၀ | — | — | ၄၂,၀၂,၄၅၀ | | | | | |
| ၂ | နိုင်ငံခြားရေး | ၎င်း | ၄,၇၅,၇၉,၉၂၀ | — | ၆,၄၃,၄၀၀ | ၈၅,၂၄,၄၅၀ | | | | | |
| ၃ | ကာကွယ်ရေး | ၎င်း | ၁,၄၃,၈၅,၆၂,၇၂၀ | — | — | ၂၃,၀၄,၅၈,၀၀၀ | | | | | |
| ၄ | ပြည်ထဲရေးနှင့် သာသနာရေး | ၎င်း | ၃၈,၁၁,၄၆,၄၁၀ | — | ၁,၂၁,၃၆,၀၀၀ | ၇,၂၈,၂၄,၉၀၀ | | | | | |
| ၅ | လူမှုဝန်ထမ်း | ၎င်း | ၁,၇၄,၇၂,၃၂၀ | — | ၃၀,၈၁,၅၄၀ | ၃၉,၇၀,၆၁၀ | | | | | |
| ၆ | ပြန်ကြားရေး | ၎င်း | ၃,၃၁,၇၉,၅၉၀ | — | — | ၇,၇၀,၈၀,၃၄၀ | | | | | |
| ၇ | ယဉ်ကျေးမှု | ၎င်း | ၈၂,၃၇,၈၅၀ | — | ၁၂,၅၀၀ | ၇၃,၄၄,၅၂၀ | | | | | |
| ၈ | ပညာရေး | ၎င်း | ၇၁,၈၂,၇၇,၁၄၀ | — | ၃,၀၂,၀၀၀ | ၂၇,၅၆,၃၂,၁၃၀ | | | | | |
| ၉ | ကျန်းမာရေး | ၎င်း | ၃၄,၆၂,၆၇,၈၆၀ | — | ၃၃,၄၀,၆၅၀ | ၁၆,၈၇,၂၈,၃၇၀ | | | | | |
| ၁၀ | အလုပ်သမား | ၎င်း | ၈၅,၄၄,၃၀၀ | — | ၁,၃၄,၅၄,၀၀၀ | ၄,၃၉,၉၁၀ | | | | | |
| ၁၁ | လယ်ယာနှင့် သစ်တော | ၎င်း | ၄၈,၈၉,၆၉,၆၀၀ | ၅,၅၂,၀၀၀ | ၃,၀၁,၅၀၀ | ၇၅,၃၀,၈၆,၇၀၀ | ... | ၂၀,၁၀,၁၀၀ | | | |
| ၁၂ | သတ္တုတွင်း | ၎င်း | ၃,၇၆,၆၆,၂၀၀ | — | — | ၂,၃၇,၁၉,၇၃၀ | | | | | |
| ၁၃ | အမှတ် (၁) စက်မှု | ၎င်း | ၁,၀၀,၃၂,၅၉၀ | — | — | ၉၉,၈၀,၄၉၀ | | | | | |
| ၁၄ | အမှတ် (၂) စက်မှု | ၎င်း | ၅,၆၇,၄၇၀ | — | — | ၁၃,၉၀၀ | | | | | |
| ၁၅ | ဆောက်လုပ်ရေး | ၎င်း | ၂၂,၃၅,၇၂,၃၀၀ | — | — | ၃၀,၃၄,၀၀,၈၀၀ | ၁၅,၀၀,၀၀၀ | | | | |
| ၁၆ | ပို့ဆောင်ဆက်သွယ်ရေး | ၎င်း | ၅,၅၈,၄၉,၀၇၀ | ၁၅,၂၅,၀၀၀ | ၁၀,၈၃,၀၀၀ | ၇,၆၁,၅၃,၅၇၀ | ... | ၃၇,၇၃,၀၀၀ | | | |
| ၁၇ | ကုန်သွယ်ရေး | ၎င်း | ၇၆,၂၇,၇၆၀ | — | ၂,၅၀,၀၀၀ | ၅,၄၂,၂၈၀ | | | | | |
| ၁၈ | သမဝါယမ | ၎င်း | ၉,၃၁,၀၇,၂၂၀ | — | — | ၁,၅၈,၇၂,၂၆၀ | | | | | |
| ၁၉ | စီမံကိန်းနှင့် ဘဏ္ဍာရေး | ၎င်း | ၉,၃၉,၇၁,၉၈၀ | ၂၃,၆၇,၇၁,၀၂၀ | ၄,၉၉,၁၃,၂၀၀ | ၂,၁၇,၅၉,၈၂၀ | — | ၁၉,၀၃,၆၁,၂၅၀ | ၃,၉၂,၆၄,၆၀၀ | ၈၅,၂၆,၀၀၀ | |
| ၂၀ | ပင်စင်လစာငွေများနှင့် ဆုငွေများ | ၎င်း | ၂၆,၀၄,၈၉,၀၀၀ | — | — | — | | | | | |
| ၂၁ | ဆုငွေများနှင့် တလုံးတည်းပင်စင်ငွေများ | ၎င်း | ၉,၁၆,၀၀,၀၀၀ | — | — | — | | | | | |
| ၂၂ | သီးသန့်ရန်ပုံငွေ | ဤရန်ပုံငွေမှ ထုတ်ယူ သုံးစွဲခွင့် ရှိသော နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်း၏ ဇယား (၁)၊(၂) နှင့် (၃) တို့တွင် ဖော်ပြထားသော တာဝန်ခံ သို့မဟုတ် အဆိုပါပုဂ္ဂိုလ်က တာဝန်ပေးသူ | ... | — | — | ... | | ... | ... | ... | ၁၀,၀၀,၀၀,၀၀၀ |
| | ပေါင်း — | | ၄,၃၅,၉၆,၆၃,၂၆၀ | ၂၃,၈၀,၄၈,၈၂၀ | ၈,၄၆,၁၇,၇၉၀ | ၂,၅၃,၄၆,၇၁,၂၅၀ | ၁၅,၀၀,၀၀၀ | ၁၉,၆၁,၄၄,၃၅၀ | ၃,၉၂,၆၄,၆၀၀ | ၈၅,၂၆,၀၀၀ | ၁၀,၀၀,၀၀,၀၀၀ |

## အပိုင်း ၄

## နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

၁၁။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို စီးပွားရေးဆန်ဆန် မိမိတို့၏ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများသည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများက စီမံကိန်းရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများ ဖြစ်သည်၊

(ဂ) နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ် အသီးသီးသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသည့်ပုဂ္ဂိုလ် ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ပုဒ်မခွဲ (က) ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲ

ရာ ဇယား၌ (၅) နှင့် (၆)တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့် ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများနှင့်စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၂။ (က) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၅)နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲ ပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအတွက် နိုင်ငံတော်က စိုက်ထားသောငွေကိုဖြစ်စေ၊ ထုတ်ချေးထားသောငွေကိုဖြစ်စေ၊ ထောက်ပံ့ထားသောငွေကိုဖြစ်စေ အကျိုးတူရင်းနှီးမြှုပ်နှံမှု မ တည်ငွေအဖြစ် ပြောင်းလဲရန်လိုအပ်လျှင် ပြောင်းလဲပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက နိုင်ငံတော်သို့ ထည့်ဝင်ရမည့်ငွေကို သတ်မှတ်ပေးရမည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေး အဖွဲ့အစည်းများအနေဖြင့် စီမံကိန်းရည်မှန်းချက်များနှင့်အညီစီးပွားရေးဆန်ဆန် လုပ်ကိုင်ဆောင်ရွက်ကြရာ၌ အခြေပြုနိုင်ရန် ထိုအဖွဲ့အစည်း အသီးသီးအတွက် လုပ်ငန်း ကုန်ကျစရိတ်နှင့် ဝင်ငွေအချိုးကို သတ်မှတ်ပေးနိုင်သည်၊

(င) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏စီးပွားရေး အဖွဲ့အစည်းများ၏ ကုန်ပစ္စည်း ဈေးနှုန်းများနှင့် ဝန်ဆောင်ခနှုန်းထားများကို လိုအပ်သလို သတ်မှတ်ပေးနိုင်သည်၊

(စ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအား လိုအပ်သောစည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဆ) ဝန်ကြီးအဖွဲ့သည် နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသောဘဏ်များမှ ချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဇ) ပုဒ်မခွဲ (ဆ) ပါ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းဆိုသည့်စကားရပ်တွင် ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမပါဝင်စေရ၊

(ဈ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဆ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဝန်ကြီးအားအပ်နှင်းနိုင်သည်။

## အခန်း (၃)

## နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးဆိုင်ရာလုပ်ပိုင်ခွင့်များ

၁၃။ (က) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံပုဂ္ဂိုလ်၏ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေအစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသော ငွေများကို နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများက မိမိတို့လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့် ပြောင်းလဲနိုင်သည်၊

(ဂ) နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းအသီးသီးသည် ပုဒ်မ ၁၂ ပုဒ်မခွဲ (ဆ) အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက် မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၄။ နိုင်ငံတော်၏ စီးပွားရေးအဖွဲ့အစည်းများသည် ဇယား (၅) နှင့် (၆) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့်စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်သို့ တင်ပြသော ၁၉၇၃-၇၄ ခုနှစ်အတွက် ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့် အတူ ထည့်သွင်းဖော်ပြရမည်။

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန်အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာဓနရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | ပြည်ပအကူအညီရငွေ | ချေးငွေ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေမှရငွေ |
| | | | | | | | | | ထုတ်ချေးငွေအတွက်ပြန်ရငွေ | ချေးယူရငွေ | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့် အဖွဲ့အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | | | ၂၄,၆၀,၆၉,၃၀,၆၁၀ | | ၂,၀၀,၀၀,၀၀၀ | ၂၃,၉၄,၆၁,၀၀၀ | ၁,၉၅,၇၂,၄၀၀ | ၂,၁၀,၆၆,၃၇,၀၀၀ | |
| | ပေါင်း — | | | | ၂၄,၆၀,၆၉,၃၀,၆၁၀ | | ၂,၀၀,၀၀,၀၀၀ | ၂၃,၉၄,၆၁,၀၀၀ | ၁,၉၅,၇၂,၄၀၀ | ၂,၁၀,၆၆,၃၇,၀၀၀ | |

## ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့အစည်းများ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ | | | | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|
| | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ကော်ပိုရေးရှင်း၊ ကောင်စီ၊ ကော်မတီနှင့် ဘဏ် စသည့်အဖွဲ့ အစည်းများ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၂၅,၀၈,၆၄,၃၁,၃၀၀ | | | ၆,၁၄,၃၃,၅၂,၄၆၀ | ၁,၆၅,၀၈,၈၀၀ | ၈၂,၇၈,၄၅,၄၀၀ | ၆,၈၉,၂၉,၀၀၀ | |
| | ပေါင်း ... | | ၂၅,၀၈,၆၄,၃၁,၃၀၀ | | | ၆,၁၄,၃၃,၅၂,၄၆၀ | ၁,၆၅,၀၈,၈၀၀ | ၈၂,၇၈,၄၅,၄၀၀ | ၆,၈၉,၂၉,၀၀၀ | |

## အပိုင်း ၅

## စည်ပင်သာယာရေးအဖွဲ့များ

### အခန်း (၁)

### ရငွေများနှင့် သုံးငွေများ

(က) စည်ပင်သာယာရေးအဖွဲ့များသည် စီမံကိန်းရည်မှန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေအပေါ် ရပ်တည်၍ လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် ဆောင်ရွက်ကြရမည်၊

(ခ) ဇယား (၇)နှင့် (၈) တို့တွင် ဖော်ပြထားသော ငွေများသည် စည်ပင်သာယာရေးအဖွဲ့များက စီမံကိန်း ရည်မှန်းချက်များအရ ထမြောက်အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရန် ရည်မှန်းထားသောငွေများဖြစ်သည်၊

(ဂ) စည်ပင်သာယာရေး အဖွဲ့များအတွက် တာဝန်ခံရမည့် ပုဂ္ဂိုလ်အသီးသီးသည် ဇယား (၇)နှင့် (၈) တို့တွင် ဖော်ပြထားသည့် ပုဂ္ဂိုလ်ဖြစ်သည်၊

(ဃ) ရှိရင်းစွဲဥပဒေများတွင် မည်သို့ပင်ပါရှိစေကာမူ စည်ပင်သာယာရေးအဖွဲ့များသည် ပုဒ်မခွဲ (က)ပါ ပြဋ္ဌာန်းချက်များအရ မိမိတို့၏ဘဏ္ဍာငွေကို စီမံခန့်ခွဲရာ၌ ဇယား (၇) နှင့် (၈) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာ တာဝန်ခံရသည့်ပုဂ္ဂိုလ်၏အမိန့်များ သို့မဟုတ် ညွှန်ကြားချက်များနှင့်အညီ လိုအပ်သည့် ဘဏ္ဍာရေး လုပ်ထုံးလုပ်နည်းများကို ချမှတ်ဆောင်ရွက်ကြရမည်။

## အခန်း (၂)

## စည်ပင်သာယာရေးအဖွဲ့များနှင့် စပ်လျဉ်း၍ ဝန်ကြီးအဖွဲ့၏ လုပ်ပိုင်ခွင့်များ

၁၆။ (က) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များ၏ လုပ်ငန်းအရ လိုအပ်လျှင် ဇယား (၇) နှင့် (ဂ) တို့တွင် ဖော်ပြထားသောငွေများကို ပြောင်းလဲပေးနိုင်သည်၊

(ခ) ဝန်ကြီးအဖွဲ့သည် ထောက်ပံ့ငွေလိုသော စည်ပင်သာယာရေးအဖွဲ့အား လိုအပ်သော စည်းကမ်းချက်များဖြင့် ထောက်ပံ့ငွေထုတ်ပေးနိုင်သည်၊

(ဂ) ဝန်ကြီးအဖွဲ့သည် စည်ပင်သာယာရေးအဖွဲ့များက လုပ်ငန်းလုပ်ကိုင်ရန်ဖြစ်စေ၊ ရင်းနှီးမြှုပ်နှံရန်ဖြစ်စေ လိုအပ်သောငွေများကို ဘဏ်ဥပဒေအရ တည်ထောင်ထားသော ဘဏ်များမှချေးယူနိုင်ရန် ငွေပမာဏကို သတ်မှတ်ပေးနိုင်သည်၊

(ဃ) ဝန်ကြီးအဖွဲ့သည် ပုဒ်မခွဲ (ဂ) ပါ လုပ်ပိုင်ခွင့်များကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာနဝန်ကြီးအား အပ်နှင်းနိုင်သည်။

## အခန်း (၃)

## စည်ပင်သာယာရေးအဖွဲ့များ၏ ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ

၁၇။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား (၇) နှင့် (ဂ) တို့တွင် ဖော်ပြထားသော သက်ဆိုင်ရာတာဝန်ခံပုဂ္ဂိုလ်၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မိမိတို့၏လုပ်ငန်းများကို မိမိတို့၏ ဘဏ္ဍာငွေ အစီအစဉ်ဖြင့် စီမံခန့်ခွဲရမည်၊

(ခ) ဇယား (၇)နှင့် (၈)တို့တွင် ဖော်ပြထားသော ငွေများကို စည်ပင်သာယာရေးအဖွဲ့များက မိမိတို့ လုပ်ငန်းအရ ဝန်ကြီးအဖွဲ့၏ သဘောတူညီချက်ဖြင့်ပြောင်းလဲနိုင်သည်၊

(ဂ) စည်ပင်သာယာရေးအဖွဲ့အသီးသီးသည် ပုဒ်မ ၁၆ ပုဒ်မခွဲ (ဂ)အရ ချေးယူလိုလျှင် ဝန်ကြီးအဖွဲ့က သတ်မှတ်ပေးသည့် ငွေထက်မကျော်လွန်ပဲ ချေးယူနိုင်သည်။

၁၈။ (က) စည်ပင်သာယာရေးအဖွဲ့များသည် ဇယား(၇) နှင့် (၈) တို့တွင် ဖော်ပြထားသောငွေများ ပြောင်းလဲခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့ လွှတ်တော်သို့ တင်ပြသော ၁၉၇၃–၇၄ ခုနှစ်အတွက် ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းများတွင် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ထည့်သွင်းဖော်ပြရမည်၊

(ခ) စည်ပင်သာယာရေး အဖွဲ့များသည် မိမိတို့နှင့် သက်ဆိုင်သော ရှိရင်းစွဲဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်များ၊ ညွှန်ကြားချက်များအရ ခွင့်ပြုထားသော အခွန်အကောက်အမျိုးအစားများကိုသာ ကောက်ခံနိုင်သည်။

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | ရငွေများ | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | အခွန် အကောက် | နိုင်ငံတော်၏စီးပွားရေးအဖွဲ့အစည်းများမှရငွေ | အခြားသာမန်ရငွေ | အတိုးရငွေ | ငွေလုံးငွေရင်းရငွေ | မြည်ပအကူအညီရငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေမှ ရငွေ | စုဆောင်းငွေ |
| | | | | | | | | | ထုတ်ချေးငွေ အတွက်ပြန်ရငွေ | ချေးယူရငွေ | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာနလက်အောက်ရှိစည်ပင်သာယာရေးအဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၇,၃၉,၆၀,၇၀၀ | .... | ၁၅,၀၇,၇၀,၉၀၀ | .... | .... | .... | .... | ၁,၂၀,၇၃,၉၆၀ | | |
| ၂ | ကာကွယ်ရေး ဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂,၃၆,၃၂၀ | .... | ၂၆,၄၉,၀၃၀ | | | | | | | |
| | ပေါင်း .... | | ၇,၄၁,၉၇,၀၂၀ | .... | ၁၅,၃၄,၁၉,၉၃၀ | .... | .... | .... | .... | ၁,၂၀,၇၃,၉၆၀ | | |

## စည်ပင်သာယာရေးအဖွဲ့များ

| အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | သုံးငွေများ — သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ — ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ |
|---|---|---|---|---|---|---|---|---|---|---|
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ |
| | | | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် | ကျပ် |
| ၁ | ပြည်ထဲရေးနှင့်သာသနာရေးဝန်ကြီးဌာန လက်အောက်ရှိ စည်ပင်သာယာရေး အဖွဲ့များ | ဝန်ကြီးချုပ် သို့မဟုတ် ဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၇,၆၇,၆၉,၇၅၀ | .... | .... | ၈,၅၀,၄၈,၀၈၀ | .... | ၅၅,၈၃,၇၀၀ | | |
| ၂ | ကာကွယ်ရေးဝန်ကြီးဌာန လက်အောက်ရှိ တပ်မြို့ စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၂၀,၇၁,၄၀၀ | .... | .... | ၄,၇၁,၆၆၀ | | | | |
| | ပေါင်း .... | | ၁၇,၈၈,၄၁,၁၅၀ | .... | .... | ၈,၅၅,၁၉,၇၄၀ | .... | ၅၅,၈၃,၇၀၀ | | |

## အပိုင်း ၆

### အထွေထွေ

၁၉။ နိုင်ငံတော်၏ အာဏာပိုင်အဖွဲ့အစည်းများ၊ ဝန်ကြီးဌာနများနှင့် ဦးစီးဌာနများသည် ဤဥပဒေအရ လျာထားသောရငွေတို့ထက်တိုး၍ သို့မဟုတ် လျော့၍ရသော ရငွေများနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ခွင့်ပြုထားသော သုံးငွေများအတွင်း ငွေစာရင်းခေါင်းစဉ် လွှဲပြောင်းသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ သီးသန့်ရန်ပုံငွေမှ ထုတ်ယူသုံးစွဲသည့် အသုံးစရိတ်များနှင့်စပ်လျဉ်း၍သော်လည်းကောင်း၊ ပုဒ်မ ၃ ပုဒ်မခွဲ(ဃ)အရ ဝန်ကြီးအဖွဲ့၏ခွင့်ပြုချက်ဖြင့် သုံးစွဲသည့် အသုံးစရိတ်များနှင့် စပ်လျဉ်း၍သော်လည်းကောင်း ပြည်သူ့လွှတ်တော်သို့ နိုင်ငံတော်၏ နောက်ထပ်ရငွေ သုံးငွေအဖြစ် တင်ပြတောင်းခံခွင့်မရှိစေရ။ သို့ရာတွင် ပုဒ်မ ၅ ၌ပါရှိသော စည်းကမ်းချက်များနှင့်ညီညွတ်သည့် အသုံးစရိတ်များအတွက် ဤဥပဒေအရ ခွင့်ပြုထားသော သီးသန့် ရန်ပုံငွေနှင့် လုံလောက်ခြင်း မရှိပါက အသုံးစရိတ် တစ်ခုချင်းအတွက် အကျိုးအကြောင်း ဖော်ပြချက်များနှင့်အတူ ပြည်သူ့လွှတ်တော်သို့ တင်ပြတောင်းခံနိုင်သည်။

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ
# တက္ကသိုလ်ပညာရေးဥပဒေကို ပြင်ဆင်သည့်
# ဥပဒေ

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၄]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ တက္ကသိုလ်ပညာရေး ဥပဒေပုဒ်မ ၈၊ ပုဒ်မ ၉ နှင့် ပုဒ်မ ၁၁ တို့တွင် "အထက်တန်းပညာ ဦးစီးဌာန" ဆိုသည့် စကားရပ်ကို "အဆင့်မြင့် ပညာဦးစီးဌာန" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ
# အခြေခံပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၅ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ အခြေခံ ပညာရေး ဥပဒေ ပုဒ်မ ၅ ပုဒ်မခွဲ (ခ)၏ အမှတ်စဉ် (ဧ) ကို အောက်ပါအမှတ်စဉ်ဖြင့် အစားထိုးရမည်—

(ဧ) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန .... အဖွဲ့ဝင်။

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေကို ပြင်ဆင်သည့် ဥပဒေ

## ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၆ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ ပညာရေးသုတေသနဥပဒေပုဒ်မ ၄ ပုဒ်မခွဲ (က) ၏ အမှတ်စဉ် (၆) ကို အောက်ပါ အမှတ်စဉ်ဖြင့် အစားထိုးရမည်—

(၆) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန .... အဖွဲ့ဝင်။

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ
# စာစစ်အဖွဲ့ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

# ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံစာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေ

[ ၁၉၇၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၇ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေကို ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၃ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ စာစစ်အဖွဲ့ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ (ခ) ၏ အမှတ်စဉ် ၃ ကို အောက်ပါအမှတ်စဉ်ဖြင့် အစားထိုးရမည်—

၃။ ညွှန်ကြားရေးမှူးချုပ်၊ .... အဖွဲ့ဝင်။
အဆင့်မြင့်ပညာဦးစီးဌာန

၁၉၇၄ ခုနှစ်၊ ပြည်ထောင်စုမြန်မာနိုင်ငံ
စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေးဥပဒေကို
ပြင်ဆင်သည့်ဥပဒေ

## ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေ

[၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေကို ပြင်ဆင်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ၁၉၇၄ ခုနှစ်၊ ပြည်ထောင်စု မြန်မာနိုင်ငံ စက်မှု၊ စိုက်ပျိုးနှင့် သက်မွေးပညာရေး ဥပဒေပုဒ်မ ၅ ၏ အမှတ်စဉ် (စ) ကို အောက်ပါ အမှတ်စဉ်ဖြင့် အစားထိုးရမည်—

(စ) ညွှန်ကြားရေးမှူးချုပ်၊ အဆင့်မြင့်ပညာဦးစီးဌာန .... အဖွဲ့ဝင်။

# ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ
# ဖြေရှင်းဆုံးဖြတ်ချက်များကို
# ကာကွယ်စောင့်ရှောက်သည့်ဥပဒေ

## ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့်
## ဥပဒေ

[ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေ အမှတ် ၉ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်နှင့် အဓိပ္ပာယ် ဖော်ပြချက်

၁။ ဤဥပဒေကို ဝိနည်းမမှကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ချက်များကို ကာကွယ်စောင့်ရှောက်သည့် ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်—

(က) **ပါရာဇိကအာပတ် သင့်ရောက်သောပုဂ္ဂိုလ်** ဆိုသည်မှာ ဝိနည်းမမှကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာဥပဒေအရ သံဃဝိနိစ္ဆယအဖွဲ့က အသုဒ္ဓအဖြစ်ဆုံးဖြတ်ခြင်းခံရသောပုဂ္ဂိုလ်၊ သို့မဟုတ် မိမိဆန္ဒအလျောက် မဟုတ်ပဲ သက်ဆိုင်ရာက စုံစမ်းဖော်ထုတ်အရေးယူသည့်အခါမှ ပါရာဇိကအမှု ကျူးလွန်ခဲ့ကြောင်းကို သံဃနာယက အဖွဲ့ဝင် တစ်ပါးပါး၏ ရှေ့မှောက်၌ ဝန်ခံကတိလက်မှတ်ရေးထိုးသော ပုဂ္ဂိုလ်ကို ဖြစ်စေ၊ ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံအက်ဥပဒေအရ အသုဒ္ဓအဖြစ်ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကိုဖြစ်စေ ဆိုသည်၊

(ခ) **အသုဒ္ဓ** ဆိုသည်မှာ ပါရာဇိကအမှုကို ကျူးလွန်သဖြင့် ရဟန်းအဖြစ်မှ ဆုံးရှုံးသောပုဂ္ဂိုလ်ကို ဆိုသည်၊

(ဂ) **ပရိသုဒ္ဓပြုသောပုဂ္ဂိုလ်** ဆိုသည်မှာ ပါရာဇိက အမှုကို ကျူးလွန်မိကြောင်း သိလျှင်သိချင်း စင်ကြယ်မှုကို ရှေးရှုလျက် မိမိဆန္ဒအလျောက် မိမိအပြစ်ကို မြို့နယ် သံဃနာယကအဖွဲ့၏ ရှေ့မှောက်၌ ထုတ်ဖော် ဝန်ခံ၍ဖြစ်စေ၊ မိမိသီလအပေါ် သံသယ ရှိသဖြင့် မြို့နယ်သံဃနာယက

အဖွဲ့၏အဆုံးအဖြတ်ကိုခံယူ၍ဖြစ်စေ ရှင်သာမဏေအဖြစ်၊ သို့မဟုတ် လူဝတ်ကြောင် အဖြစ်သို့ ကူးပြောင်းသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(ဃ) **ထေနက** ဆိုသည်မှာ သူတစ်ဦးဦးသည် ရဟန်းသာမဏေတို့၏ သီလမရှိပဲ ရဟန်းသာမဏေ အသွင် ဆောင်ခြင်း၊ ယင်းသို့ အသွင်ဆောင်၍ ရဟန်းသာမဏေကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုသော်လည်းကောင်း၊ ပါရာဇိကအမှုကို ကျူးလွန်မိကြောင်း သိပါလျက် ပရိသုဒ္ဓမပြုပဲ ထိမ်ချန်၍ ရဟန်းကောင်းတို့နှင့် ပေါင်းသင်းခြင်းကို သော်လည်းကောင်း ပြုကြောင်းကို ဝိနည်းဓမ္မကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်း ဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရ သံဃာ့ဝိနိစ္ဆယအဖွဲ့က စစ်ဆေးတွေ့ရှိရသဖြင့် သင်္ကန်းဝတ်ခွင့် မရှိဟု ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(င) **နေဝသုဒ္ဓနာသုဒ္ဓ** ဆိုသည်မှာ အစွပ်စွဲခံရသော ရဟန်းသည် ပါရာဇိကအမှုကို ကျူးလွန်ခဲ့ကြောင်း သက်သေခံ အထောက်အထား မြောက်မြားစွာ ရှိနေ၍ ယင်းအား စစ်ဆေးလျက်ရှိသည့် ဝိနိစ္ဆယအဖွဲ့က ဝိနည်းခိုရ်ပုဂ္ဂိုလ်၏ စိတ်၌ ပါရာဇိကအမှုကို ကျူးလွန်ခဲ့သူ အသုဒ္ဓဟု ထင်မြင်ယူဆသော်လည်း ဝိနည်းတော်အရ ကာယကံရှင် ကိုယ်တိုင်က ပဋိညာဉ် ဝန်ခံချက်ပေးမှသာ အသုဒ္ဓဟု ဆုံးဖြတ်ရမည်ဖြစ်၍ သီလစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်၊ သီလမစင်ကြယ်သော ပုဂ္ဂိုလ်ဟူ၍လည်း မဆိုအပ်ဟု ဆုံးဖြတ်ခြင်း ခံရသဖြင့် သံဃာ့ အဖွဲ့အစည်း အဆင့်ဆင့်တို့က ကြေညာဖယ်ထားပြီး သာသနာဝင်မှတ်တမ်းကို ထုတ်ပေးခြင်း မပြုရန်နှင့် ထုတ်ပေးပြီးဖြစ်ပါက ပြန်လည်ရုပ်သိမ်းရန် ဆုံးဖြတ်ထားခြင်း ခံရသော ပုဂ္ဂိုလ်ကို ဆိုသည်၊

(စ) **ရဟန်းယောင်ဆောင်ခြင်း** ဆိုသည်မှာ ဥတ္တိစတုတ္ထကံဖြင့် ရဟန်းအဖြစ်ကို ရယူခဲ့သည့်ပုဂ္ဂိုလ်အား ထုတ်ပေးထား

သော သာသနာဝင် မှတ်တမ်းမရှိပဲ၊ သို့မဟုတ် ဒုလ္လဘ ရဟန်းဖြစ်ပါက ရဟန်းဖြစ်ချိန် ရက်ချုပ်အခိုင်အမာမရှိပဲ သက်န်းဝတ်ခြင်းကို ဆိုသည်၊

(ဆ) **ဥတ္တိစတုတ္ထကံ** ဆိုသည်မှာ ဥတ်တစ်ကြိမ်၊ ကမ္မဝါစာ သုံးကြိမ်ဖြင့် ပြုလုပ်အပ်သောသံဃာ့ကိစ္စကို ဆိုသည်၊

(ဇ) **ရှင်သာမဏေယောင်ဆောင်ခြင်း** ဆိုသည်မှာ ဝိနည်းတော်နှင့်အညီ ဥပဇ္ဈာယ်ဆရာထံမှ ရှင်သာမဏေအဖြစ်ကို ရယူခဲ့သည့် ပုဂ္ဂိုလ်အား ထုတ်ပေးထားသော သာသနာဝင် မှတ်တမ်း မ ရှိပဲ၊ သို့ မ ဟုတ် ခေတ္တ ဝတ် သော ရှင်သာမဏေဖြစ်ပါက ဥပဇ္ဈာယ်ဆရာ မရှိပဲ သက်န်းဝတ်ခြင်းကို ဆိုသည်၊

(ဈ) **သီးခြားဝိနည်းဓိုရ်အဖွဲ့** ဆိုသည်မှာ ဓမ္မ အဓမ္မ အငြင်းပွားမှုကို ဆုံးဖြတ်ရန်အလို့ငှာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့က ဖွဲ့စည်းသောအဖွဲ့ကို ဆိုသည်။

## အခန်း (၂)

### ပြစ်မှုများ

၃။ (က) ပရိသုဒ္ဓပြု၍ ရှင်သာမဏေပြုခွင့်ရသော ပုဂ္ဂိုလ်မှတပါး ပါရာဇိက အာပတ် သင့်ရောက်သော ပုဂ္ဂိုလ်သည် ရှင်သာမဏေပြုလိုပါက ထေနက ဟုတ် မဟုတ် သံဃဝိနိစ္ဆယ အဖွဲ့၏ ဆုံးဖြတ်ချက်ကို ရယူရမည်၊

(ခ) သံဃဝိနိစ္ဆယအဖွဲ့က ထေနကအဖြစ် ဆုံးဖြတ်ခြင်း ခံရသော ပုဂ္ဂိုလ်သည် သင်္ကန်းဝတ်ရုံခြင်း မပြုရ။

၄။ သံဃဝိနိစ္ဆယအဖွဲ့က နေဝသုဒ္ဓနာသုဒ္ဓအဖြစ် ဆုံးဖြတ်ခြင်းခံရသော ပုဂ္ဂိုလ်သည် သင်္ကန်းဝတ်ရုံခြင်း မပြုရ။

၅။ ရဟန်းယောင် ဆောင်ခြင်း၊ ရှင်သာမဏေယောင် ဆောင်ခြင်းကို မည်သူမျှ မပြုရ။

၆။ သီးခြား ဝိနည်းဓိုရ် အဖွဲ့၏ ဝိနိစ္ဆယ ဆုံးဖြတ်ချက်ပါ အဓမ္မဝါဒ မပြန့်ပွားစေရန် သာသနာရေး ဝန်ကြီးဌာနက ထုတ်ပြန်သည့် အမိန့်တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

၇။ သံဃဝိနိစ္ဆယအဖွဲ့၏ ဆုံးဖြတ်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်ရန် သက်ဆိုင်ရာ မြို့နယ်ပြည်သူ့ကောင်စီ အလုပ်အမှုဆောင်အဖွဲ့က ထုတ်ပြန်သည့် အမိန့်၊ သို့မဟုတ် ညွှန်ကြားချက် တစ်ရပ်ရပ်ကို မည်သူမျှ ဖောက်ဖျက်ကျူးလွန်ခြင်း မပြုရ။

## အခန်း (၃)

### ပြစ်ဒဏ်များ

၈။ ပုဒ်မ ၃ ပုဒ်မခွဲ (ခ)၊ သို့မဟုတ် ပုဒ်မ ၄ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသူသည် ထောင်ဒဏ် သုံးနှစ် ကျခံစေရမည်။

၉။ မည်သူမဆို ပုဒ်မ ၅ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်သုံးနှစ် ကျခံစေရမည်။

၁၀။ မည်သူမဆို ပုဒ်မ ၆ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ငါးနှစ် ကျခံစေရမည်။

၁၁။ မည်သူမဆို ပုဒ်မ ၇ ပါ ပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထောင်ဒဏ်ခြောက်လ ကျခံစေရမည်။

# အခန်း (၄)

## အထွေထွေ

၁၂။ ပုဒ်မ ၇ အရဖြစ်စေ၊ ပုဒ်မ ၉ အရဖြစ်စေ၊ ပုဒ်မ ၁၀ အရဖြစ်စေ တရားစွဲဆိုရာ၌ သာသနာရေးဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၁၃။ ဤဥပဒေအရ တရားစွဲဆိုသော မှုခင်းများတွင်—

(က) ၁၃၁၁ ခုနှစ်၊ ဝိနိစ္ဆယဌာနနှင့် ဝိနိစ္ဆယခုံ အက်ဥပဒေအရ ဖြစ်စေ၊ ဝိနည်းမေ့ကံ အဓိကရုဏ်းမှုခင်းများ ဖြေရှင်းဆုံးဖြတ်ရေးဆိုင်ရာ ဥပဒေအရဖြစ်စေ ချမှတ်ခဲ့သော ဝိနိစ္ဆယဆုံးဖြတ်ချက်သည် လည်းကောင်း၊ ပါရာဇိကအမှုကျူးလွန်ခဲ့ကြောင်းကို သံဃနာယကအဖွဲ့ဝင်ရှေ့မှောက်၌ လက်မှတ်ရေးထိုး ဝန်ခံကတိပြုလွှာသည် လည်းကောင်း လုံလောက်သော သက်သေခံအထောက်အထား ဖြစ်စေရမည်၊

(ခ) ပုဒ်မခွဲ (က) ပါ ဝိနိစ္ဆယ ဆုံးဖြတ်ချက် ချမှတ်ခဲ့သည့် ဝိနည်းဓိုရ်ဆရာတော်ကိုဖြစ်စေ၊ သီးခြားဝိနည်းဓိုရ်အဖွဲ့ဝင်ဆရာတော်ကိုဖြစ်စေ၊ ဝန်ခံကတိပြုရာတွင် ပါဝင်ဆောင်ရွက်ခဲ့သည့် သံဃနာယကအဖွဲ့ဝင် ဆရာတော်ကို ဖြစ်စေ သက်သေအဖြစ် တရားရုံးက ပင့်ဆောင်ခြင်း မပြုရ။

အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ

**အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ**

[ ၁၉၈၃ ခုနှစ်၊ ပြည်သူ့လွှတ်တော် ဥပဒေအမှတ် ၁၀ ]

ပြည်သူ့လွှတ်တော်သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း (၁)

### အမည်၊ အာဏာတည်ခြင်းနှင့် အဓိပ္ပာယ်ဖော်ပြချက်

၁။ (က) ဤဥပဒေကို အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ ဟု ခေါ်တွင်စေရမည်၊

(ခ) ဤဥပဒေသည် ချက်ချင်းအာဏာတည်ရမည်။

၂။ ဤဥပဒေတွင် ပါရှိသော အောက်ပါ စကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ်သက်ရောက်စေရမည်—

(က) **အဖွဲ့** ဆိုသည်မှာ ဤဥပဒေဖြင့် ဖွဲ့စည်းသော အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဆိုသည်၊

(ခ) **ထောက်လှမ်းရေးအဖွဲ့အစည်း** ဆိုသည့် စကားရပ်တွင် ထောက်လှမ်းရေးကို အကူပြုသည့် အဖွဲ့အစည်းလည်း ပါဝင်သည်။

## အခန်း (၂)

## ဖွဲ့စည်း ခြင်း

၃။ ဝန်ကြီးဌာနအသီးသီးရှိ ထောက်လှမ်းရေး အဖွဲ့အစည်းများကို ညှိနှိုင်းကာ ညီညွတ်သော ဦးဆောင်မှုဖြင့် အခြေခံဥပဒေနှင့် အညီ လုပ်ငန်းတာဝန်များကို ပိုမိုထိရောက်စွာ ထမ်းဆောင်နိုင်စေရန် အမျိုးသားထောက်လှမ်းရေးအဖွဲ့ကို ဖွဲ့စည်းရမည်။

၄။ အဖွဲ့ကို အောက်ပါပုဂ္ဂိုလ်များဖြင့် ဖွဲ့စည်းရမည်—

(က) ဝန်ကြီးချုပ် .... ဥက္ကဋ္ဌ

(ခ) ဝန်ကြီး .... အဖွဲ့ဝင်
ကာကွယ်ရေး ဝန်ကြီးဌာန

(ဂ) ဝန်ကြီး .... အဖွဲ့ဝင်
စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန

(ဃ) ဝန်ကြီး .... အဖွဲ့ဝင်
ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီး
ဌာန

(င) ဝန်ကြီး .... အဖွဲ့ဝင်
နိုင်ငံခြားရေးဝန်ကြီးဌာန

၅။ အဖွဲ့ဝင် ဝန်ကြီးများသည် အဖွဲ့၏ အတွင်းရေးမှူး တာဝန်ကို အလှည့်ကျဆောင်ရွက်ရမည်။

၆။ (က) အောက်ဖော်ပြပါ ဝန်ကြီးဌာနများ၏ လက်အောက်တွင် ရှိသော ထောက်လှမ်းရေး အဖွဲ့အစည်းများသည် အမျိုးသားထောက်လှမ်းရေးအဖွဲ့၏ တိုက်ရိုက်လမ်းညွှန်မှုကို ခံယူကြရမည်—

(၁) ကာကွယ်ရေး ဝန်ကြီးဌာန၊

(၂) စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊

(၃) ပြည်ထဲရေးနှင့် သာသနာရေးဝန်ကြီးဌာန၊

(၄) နိုင်ငံခြားရေးဝန်ကြီးဌာန၊

(၅) ထောက်လှမ်းရေး အဖွဲ့အစည်း တစ်ရပ်ရပ်ကို အခါအားလျော်စွာ ဖွဲ့စည်းသော အခြားဝန်ကြီးဌာန၊

(ခ) ပုဒ်မခွဲ (က) တွင် ဖော်ပြပါရှိသော ထောက်လှမ်းရေး အဖွဲ့အစည်းများသည် ပုဒ်မ ဂ ပုဒ်မခွဲ (က) ပါအတိုင်း မိမိနှင့် သက်ဆိုင်သော ဝန်ကြီးဌာနများကိုလည်း တာဝန်ခံရမည်။

၇။ အမျိုးသားထောက်လှမ်းရေးအဖွဲ့သည်—

(က) အရေးကြီးသော ကိစ္စရပ်များကို နိုင်ငံတော်သမ္မတ နှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြ၍ အဆုံးအဖြတ် ရယူရမည်၊

(ခ) သာမန်ကိစ္စရပ်များကို အဆုံးအဖြတ်ပေးနိုင်သည်၊

(ဂ) လုပ်ငန်းဆောင်တာ များ ကို ဆောင် ရွက် စေ နိုင် ရန် လိုအပ်သော အမိန့်များနှင့် ညွှန်ကြားချက် များ ကို ထုတ်ပြန်နိုင်သည်။

# အခန်း (၉)

## အစီရင်ခံခြင်း

၈။ (က) ထောက်လှမ်းရေး အဖွဲ့အစည်းများသည် သက်ဆိုင်ရာ ဝန်ကြီး ဌာန များ နှင့် အမျိုးသားထောက်လှမ်းရေး အဖွဲ့ထံသို့ အစီရင်ခံကြရမည်၊

(ခ) အမျိုးသားထောက်လှမ်းရေး အဖွဲ့သည် အစီရင်ခံစာ များကို အကျဉ်းချုပ်၍ သုံးသပ်ချက်နှင့်အတူ နိုင်ငံတော် သမ္မတနှင့် နိုင်ငံတော်ကောင်စီ အတွင်းရေးမှူးထံ တင်ပြ ရမည်။ လိုအပ်ပါက သက်ဆိုင်သည့် အာဏာပိုင် အဖွဲ့ အစည်းသို့သာ ပေးပို့ရမည်။

## အခန်း (၄)

### အထွေထွေ

၉။ အောက်ပါဥပဒေတို့ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်—

(က) အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေ (၁၉၇၄ ခုနှစ်၊ ပြည်သူ့လွှတ်တော်ဥပဒေ အမှတ် ၇)၊

(ခ) အမျိုးသားထောက်လှမ်းရေးအဖွဲ့ ဥပဒေကို ပြင်ဆင်သည့် ဥပဒေ (၁၉၇၇ ခုနှစ်၊ပြည်သူ့လွှတ်တော်ဥပဒေအမှတ် ၈)။